NSW GOVERNMENT

**Supporting your child's wellbeing during suspension**

**Parent/carer information**

# ကျောင်းတက်ခွင့် ဆိုင်းငံ့ထားစဉ်အတွင်း သင့်ကလေး ကောင်းမွန်စွာနေထိုင်နိုင်ရန် ပံ့ပိုးကူညီခြင်း။

## မိဘ/အုပ်ထိန်းသူများ၏ အချက်အလက်များ

### သင့်ကလေးကို ဘယ်လိုကူညီထောက်ပံ့မလဲ။

ကျောင်းတက်ခွင့် ဆိုင်းငံ့ထားစဉ်အတွင်း သင့်ကလေး၏ ကျန်းမာရေးနှင့် ကောင်းမွန်စွာနေထိုင်ရေးကို ပံ့ပိုးပေးရာတွင် စတင်ရန်ကောင်းသည့် နေရာမှာ ကျွမ်းကျင်သူများ၏ အကြံဉာဏ်နှင့် အချက်အလက်များကို စုဆောင်းရယူခြင်း ဖြစ်သည်။ သင့်ကလေး၏ ကောင်းမွန်စွာနေထိုင်ရေးကို အထောက်အကူပြုရန် လက်တွေ့ကျသော အကြံဉာဏ်နှင့် အချက်အလက်များအတွက် ဤလင့်ခ် များတွင် ကြည့်ရှုနိုင်သည်။

- ကောင်းမွန်စွာနေထိုင်ရေး (Wellbeing)

အိမ်နှင့်ကျောင်းကြားတွင် အပြုသဘောဆောင်၍ ပွင့်လင်းသောဆက်ဆံရေးသည် ကျောင်းသားများကို အောင်မြင်ရန် အကောင်းဆုံးအခွင့်အရေးကို ပေးသည်။

- သင့်ကလေးအား ၎င်းတို့သည် ကျောင်းအဖွဲ့အစည်း၏ တန်ဖိုးရှိသော အဖွဲ့ဝင်များဖြစ်ကြောင်း မကြာခဏ ပြောဆိုပေးပါ။
- ကျောင်းနှင့်ပတ်သက်သည့် စိုးရိမ်မှု မှန်သမျှကို တင်ပြပါ။
- သင့်ကလေး၏ သင်ယူလုပ်ဆောင်မှုကို ပံ့ပိုးပေးသည့် မဟာဗျူဟာများကို ဖော်ဆောင်ရန်နှင့် အကောင်အထည်ဖော်ရန် ကျောင်းအဖွဲ့နှင့် ပူးပေါင်းလုပ်ဆောင်ပါ။
- သင့်ကလေး ကျောင်းပြန်တက်ရန် စီစဉ်သည့် အစည်းအဝေးသို့ တက်ရောက်ပါ။ ၎င်းအစည်းအဝေးကို လူချင်းတွေ့ဆုံ၍ ဖြစ်စေ၊ အွန်လိုင်း (သို့မဟုတ်) ဖုန်းဖြင့်ဖြစ်စေ ပြုလုပ်နိုင်သည်။
- အပြုသဘောဆောင်၍၊ ဘေးကင်းပြီး လေးစားမှုရှိသော သင်ယူမှုပတ်ဝန်းကျင်များကို ပံ့ဖော်သည့် သင့်လျော်သောအမူအကျင့်များအကြောင်း သင့်ကလေးအား ဆွေးနွေးပါ။
- သင့်ကလေးအား ၎င်းတို့၏ အတွေးအမြင်များနှင့် အကြံဉာဏ်များကို လေးစားစွာ မျှဝေရန် အားပေးပါ။

### ကျောင်းတက်ခွင့်မှဆိုင်းငံ့ထားစဉ် အိမ်မှ သင်ယူခြင်း။

- ကျောင်းတက်ခွင့်မှဆိုင်းငံ့ထားစဉ် ကာလအတွင်း ဝန်ထမ်းအဖွဲ့ဝင်တစ်ဦးက သင်နှင့် သင့်ကလေးအား ပုံမှန်ဆက်သွယ်မည် ဖြစ်သည်။
- နေ့ဘက် အလုပ်လုပ်သော အချိန်များနှင့် ကင်းရှင်းသောအချိန်၊ ဆိတ်ငြိမ်သောနေရာများတွင် သင့်ကလေး သင်ယူနိုင်ရန် ကူညီပေးပြီး ၎င်းတို့၏ သင်ယူမှု မည်မျှ တိုးတက်နေသည် ကို မေးမြန်းပါ။
- အကယ်၍ ကလေးများ စိတ်ဖိစီးခြင်း (သို့မဟုတ်) စိတ်ပူပန်ခြင်း များ ဖြစ်ပေါ်လာပါက ၎င်းတို့အား ကူညီပေးပြီး အနားပေးခြင်းများ၊ ရေသောက်ခြင်းများ သေချာစွာ ထားရှိပေးပါ။
- ကိုယ်လက်လှုပ်ရှားမှုအတွက် အချိန်ပေးပါ။
- နည်းပညာကို ဘေးကင်းစွာအသုံးပြုရန် သင့်ကလေးကို ကြီးကြပ်ပါ။ နည်းပညာအသုံးပြုခြင်း (Using technology) ဆိုက်တွင် သင့်အတွက် အသုံးဝင်သော အချက်အလက်များနှင့် အရင်းအမြစ်များ ရှိသည်။

### အထောက်အကူပြု လင့်ခ် များ။

- သင်ယူမှုဆိုင်ရာပက်ကေ့ဂျ်များ (Learning packages)။
- မသန်စွမ်းမှုဆိုင်ရာသင်ကြားရေးနှင့် အကြံဉာဏ်များ ပံ့ပိုးကူညီခြင်း။ (Disability learning and support advice)
- အပြုအမူဆိုင်ရာ ပံ့ပိုးပေးသည့် အသုံးချစရာနည်းများ (Behaviour support toolkit: support for parents)
- သင့်ကလေးအား အိမ်မှသင်ယူရန် ကူညီပေးခြင်း။ (Helping your child learn from home)
- ကလေးများ အကူအညီပေးရေးဖုန်းလိုင်း (Kids Helpline) သည် အသက် ၅ နှစ်မှ ၂၅ နှစ်ကြား လူငယ်များအတွက် ဩစတြေးလျနိုင်ငံ၏ တစ်ခုတည်းသော အခမဲ့ ဖုန်းအကြံပေးဝန်ဆောင်မှုဖြစ်သည်။ 1800 55 1800 သို့ ဖုန်းခေါ်ဆိုပါ။

### တယ်လီဖုန်း စကားပြန် ဂန်ဆောင်မှု။

သင်သည်ကျောင်းကိုဆက်သွယ်ရန်ဆန္ဒရှိပြီး အင်္ဂလိပ်လို ပြောဆိုရန် အကူအညီလိုအပ်ပါကတယ်လီဖုန်း စကားပြန်ဝန်ဆောင်မှု 131 450 ကိုခေါ်ဆိုပါ၊ သင်ပြောဆိုရန်လိုအပ်သည့်ဘာသာစကားကိုပြောပြပြီး အော်ပရေတာအား ကျောင်းသို့ ဖုန်းဆက်ခိုင်းပါ။ အော်ပရေတာသည် သင့်စကားပြောဆိုမှုကို ကူညီပေးရန် လိုင်းပေါ်တွင် စကားပြန်တစ်ဦးကို ခေါ်ပေးမည်။ ဤဝန်ဆောင်မှုအတွက် သင့်အား အဖိုးအခ ကောက်ခံမည် မဟုတ်ပါ။